သတင်းထုတ်ပြန်ချက်

<u>ချက်ချင်းထုတ်ပြန်ရန်</u>

# Uptime Institute အသိအမှတ်ပြုလက်မှတ်ရရှိခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံး Data Centre





၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်၊ ရန်ကုန် - Myint & Associates Co., Ltd. ၏ အိမ်ခြံမြေဆိုင်ရာစီမံကိန်းတစ်ခုဖြစ်သည့် Vantage Tower သည် ၂၀၁၅ ခုနှစ်နောက်ဆုံးသုံးလပတ်တွင် ပြီးစီးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်နည်းပညာဆိုင်ရာအဆင့်မြင့်ဆုံးအဆောက်အဦး ဖြစ်လာမည်ဖြစ်ပါသည်။ Vantage Tower သည် ဈေးကွက်တွင် ရရှိနိုင်သော လုံခြုံမှုဆိုင်ရာ၊ ဘေးကင်းမှုဆိုင်ရာ၊ မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် ကယ်ဆယ်ပြောင်းရွှေ့ရေးစနစ်များကို တပ်ဆင်ဆောင်ရွက်ထားရုံသာမက၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမေရိကန်နိုင်ငံအခြေစိုက် Uptime Institute အသိအမှတ်ပြု Tier III လက်မှတ်ရ Data Centre (Myint & Associates Data Centre) ကိုလည်း ထည့်သွင်းတည်ထောင်ထားပါသည်။ ထို Data Centre သည် Server ထားရှိနိုင်မည့် Rack (Server Co-location Storage Space) နှင့် ကမ္ဘာ့အဆင့်မီ ပံ့ပိုးမှုဝန်ဆောင်မှုများကို ပေးအပ် သွားမည် ဖြစ်ပြီး Vantage Tower ၏ Tower B ၊ ဆဌမမြောက် အထပ်တွင် တည်ရှိပါသည်။

"ဒီ Data Centre ကို ပြင်ပလုပ်ငန်းရှင် (သုံးစွဲသူ) တွေကိုသာမက Vantage Tower အတွင်းရှိ ငှားရမ်းနေထိုင်ကြသူတွေပါ ရည်ရွယ်ပါတယ်။ ဆက်သွယ်ရေးနည်းပညာ ကုမ္ပဏီတွေ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အစိုးရပိုင်းဆိုင်ရာနဲ့ ငှားရမ်းနေထိုင်ကြသူတွေဆီက မေးမြန်းစုံစမ်းမှုတွေကို ကျွန်တော်

တို့ အများအပြား လက်ခံရရှိနေကြောင်း ဂုဏ်ယူစွာ ပြောလိုပါတယ်" ဟု Vantage Tower ၏ တရားဝင် အိမ်ခြံမြေအကျိုးဆောင်ကိုယ်စားလှယ် Hugo Slade Property Services မှ Managing Director ဖြစ်သူ Mr. Hugo Slade က ပြောပါသည်။

Mr. Hugo Slade မှ ဆက်လက်၍ "ယခု Data Centre ဟာ Uptime Institute ရဲ့ Tier III အဆင့်အသိ အမှတ်ပြုလက်မှတ်ကို ရရှိထားတဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံး Data Centre ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ဒေသတွင်းရှိ အတွေ့အကြုံရင့်အိုင်တီလုပ်ငန်းရှင်တွေက ဆောင်ရွက်ခဲ့တဲ့ အထူးလေ့လာသုံးသပ်စစ်ဆေးမှုတွေကို ကျွန်တော်တို့ အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီးဖြစ်ကြောင်း ဝမ်းမြောက်စွာ အသိပေးလိုပါတယ်။ စုစုပေါင်း Rack (၉၀) ထဲက အတော်များများကို စတင်ငှားရမ်းခဲ့ပြီးဖြစ်လို့ မကြာခင်မှာ အားလုံးကို အပြီးသတ်ငှားရမ်းသွားဖို့ ရှိနေပါတယ်" ဟု ဆိုပါသည်။



Myint & Associates Data Centre သည် လုပ်ငန်းပိုင်းဆိုင်ရာဝန်ဆောင်မှု အချိန်များကို (၉၉.၉၈) % အထိ အာမခံချက်ပေးနိုင်ပြီး လုပ်ငန်းရပ်ဆိုင်းမှုများကို တစ်နှစ်တွင် (၁.၆) နာရီထက် မပိုစေရန် ဆောင်ရွက်ထားပါသည်။ "မြန်မာနိုင်ငံရဲ့နည်းပညာကဏ္ဍမှာ တစ်ခုထက်ပိုတဲ့ အင်တာနက်ကွန်ယက် ဝန်ဆောင်မှု (Multi-homing Internet Connectivity) ၊ အမြဲစိတ်ချရတဲ့ လျှပ်စစ်ဓာတ်အားနဲ့ လေအေးပေးစက်စတဲ့ ပံ့ပိုးမှုအင်္ဂါရပ်တွေ ပါဝင်မဲ့ Data Centre တစ်ခုကို ဒီဇိုင်းဆွဲပြီး အကောင်အထည်ဖော်ဖို့ဆိုတာ အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပါ။" ဟု Data Centre နှင့် Infra-structure အဖွဲ့ခေါင်းဆောင် ဦးသိန်းစိုးထိုက်က ပြောပါသည်။ "Vantage Tower မှာဆိုရင် လျှပ်စစ်ဓာတ်အားပေးစက် (Generator ) သုံးလုံးကို တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ အဲဒီလျှပ်စစ်ဓာတ်အားပေးစက်တွေက တစ်ရာ ရာခိုင်နှုန်းပြည့် အရံလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မှာ ဖြစ်ပါတယ်။ DPA (Distributed Parallel Architecture) နဲ့ UPS ယူနစ်သုံးခုကို အသုံးပြုထားတာကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို တားဆီးပေးမှာ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ အရံလျှပ်စစ်

ဓာတ်အားပေးစက်တွေ အဆင့်သင့်ရှိနေတာကြောင့် Data Centre နဲ့တကွ အခြားအဆောက်အဦး စနစ်တွေအားလုံး စဉ်ဆက် မပြတ် လည်ပတ်နေမှာ ဖြစ်ပါတယ်”

Myint & Associates Data Centre သည် Carrier Neutral ဖြစ်ပြီး Back-bone Fibre Optic ကြိုး သုံးခုထားရှိ၍ ဝယ်ယူသော ဝန်ဆောင်မှုအမျိုးအစားအပေါ် မူတည်လျက် Download အမြန်နှုန်းကို ရရှိစေမည် ဖြစ်ပါသည်။ “မြန်မာနိုင်ငံမှာ ဒီလိုသတင်းအချက်အလက် နည်းပညာနဲ့ ပက်သက်ပြီး မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့တဲ့ အဖွဲ့ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ရတာ၊ ဒီလိုအောင်မြင်မှုကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့တာတွေအတွက် ကျွန်တော်တို့ အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။” ဟု ဦးသိန်းစိုးထိုက် က ဆက်လက်ပြောပါသည်။

Vantage Tower သည် မကြာသေးခင်က ပထမဆုံး အကြိမ်ကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာ့အိမ်ခြံမြေ ဆု ချီးမြှင့်ပွဲ (2015 Myanmar Property Awards) တွင် Best Office Development ဆု၊ Best Office Architectural Design ဆုနှင့် Best Commercial Development ဆုများကို ဆွတ်ခူးခဲ့ပါသည်။

Vantage Tower သည် စတုရန်းပေ (၂၃၆,၁၄၄) ကျယ်ဝန်းပြီး GFA ပေါင်းစပ်အသုံးပြုထားသည့် အဆောက်အဦးဖြစ်ပါသည်။ အင်းယားလမ်းနှင့် ပြည်လမ်းဆုံတွင် တည်ရှိ၍ ရန်ကုန်မြို့၏ အလှပဆုံး မြင်ကွင်းတစ်ခုဖြစ်သည့် အင်းယားကန်၏ အနောက်ဘက်အစိတ်အပိုင်းကို လှမ်းမျှော်တွေ့မြင်ရမည် ဖြစ်ပါ သည်။ Vantage Tower တွင်အတူတွဲဆက်နေသော အဆောက်အဦးနှစ်ခု ပါရှိပါသည်။



Tower A သည် Basement (၂) ထပ်အပါအဝင် (၁၈) ထပ် ပါဝင်ပြီး စုစုပေါင်း စတုရန်းပေ (၁၀၀, ၀၀၀) ခန့် အကျယ်အဝန်းရှိသော အဆင့်မြင့်ရုံးခန်းများ၊ မြေညီထပ်၊ ပထမထပ်တွင် ကော်ဖီဆိုင်နှင့် အဆင့်မြင့် စားသောက်ဆိုင်နေရာများ ထားရှိပါသည်။ (၁၆) ထပ်တွင် တမူထူးခြားသည့် အဆင့်မြင့်တိုက်ခန်း (Penthouse) ထားရှိပါသည်။

Tower B သည်  Tier III လက်မှတ်ရ Myint & Associates Data Centre ဖြစ်ပြီး Server ထားရှိနိုင်မည့် Rack (၉၀) နှင့် အတူ ကမ္ဘာ့အဆင့်မီပံ့ပိုးမှုဝန်ဆောင်မှုများ၊ ယာဉ်ပေါင်း (၁၄၄) စီး ရပ်နားနိုင်မည့် အထပ်ခြောက်ထပ်ပါ ယာဉ်ရပ်နားစခန်းတစ်ခု (ပထမမြေအောက်ဆင့်တွင် ဧည့်သည်ယာဉ်ပေါင်း (၅၂) စီး ရပ်နားနိုင်မည့် နေရာနှင့်အတူ) ပါရှိပါသည်။

**မီဒီယာများ မေးမြန်းလိုပါက။**


**ဒေါ်ကြည်စင်ထင်အောင်**

**Monitoring, Evaluation & Knowledge Management Coordinator**

**MPRL E&P Pte Ltd.**

မိုဘိုင်းလ် – +၉၅၉ ၇၉၄၉၃၁၀၀၉

kyisin.h.aung@mprlexp.com